## ဤစာစောင်ဖြစ်မြောက်ရေးအတွက် ဓမ္မဒါနကူသိုလ်ရှင်များ

၁။ ဒေါက်တာစောဥမ္မာ
၂။ မဝသန်ဌေး
၃။ မကေသွယ်ဦး
၄။ ဒေါက်တာခင်မာလာဝင်း
၅။ ဒေါ်ဝင်းရီ
၆။ ဒေါ်မြင့်မြင့်ဦး (အထက-၄ )
၇။ ဒေါ်မိဖုံလတ် (အထက-၄ )
၈။ ဒေါ်ဝင်းဝင်းကြည် (အထက-၄ )
၉။ ဒေါ်မိုးကြည်
၁၀။ မသဲနုအေး

**လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း**

**ရုံး** - အမှတ်(၂၂၈)၊ ၃၂လမ်း၊ ၈၃-၈၄လမ်းကြား၊ မန္တလေးမြို့၊
**သင်တန်းနေရာ**- (၁) မဟာသန္တိသုခဓမ္မာရုံ၊ (၆၉)လမ်း၊
မဟာဗောဓိဘုရားဝင်းအတွင်း၊မဟာအောင်မြေမြို့နယ်။
(၂) ဒေါ်အေးစိန်ဓမ္မာရုံ၊ ၇၂ ×၂၇လမ်းထောင့်၊
ချမ်းအေးသာစံမြို့နယ်၊
ဖုန်း-၀၉-၉၁၀၄၁၀၆၂။ ၀၉-၅၀၆၂၅၉၇၊ ၀၉-၉၁၀၀၄၁၃၈။

# ဒပပို့ချခြင်း(၆)နှစ်မြောက် အထိမ်းအမှတ်

နှင့်

# ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်းဖွင့်လှစ်ထူထောင်ခြင်း

(၃)နှစ်မြောက် အထိမ်းအမှတ်အဖြစ်

ထုတ်ဝေပါသည်

# ကျေးဇူးတင်ရှိခြင်း

မျက်နှာဖုံး ဒီဇိုင်းကူညီရေးဆွဲပေးသော ကိုစိုင်းလှငွေနှင့်

ဤစာစောင်အတွက် ဓမ္မဒါန အလှူငွေများထည့်ဝင်ကြသော

ကုသိုလ်ရှင်များအားလုံးအား အထူးကျေးဇူး တင်ရှိပါသည်။

**လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မဒီပဗုဒ္ဓစာပေသင်တန်း**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မသမာဖြေစာအောင်ပုဂ္ဂိုလ်များ<br>(ထီးချိုင့်မြို့တည်တော်ဆရာတော်) | ၁ |
| ၂။ | ဘယ်လိုဆရာကို သင်ဆရာတင်မလဲ<br>(အရှင်ဝရသာမိ) | ၉ |
| ၃။ | ပဌာန်းပစ္စည်းတို့၏စွမ်းအင်သတ္တိများ<br>(ဒေါက်တာခင်မောင်ကြည်) | ၁၆ |
| ၄။ | သတိပေးစာ<br>(ဒေါက်တာချိုချိုမာ) | ၁၈ |
| ၅။ | အားသွားလို့လား သူငယ်ချင်း | ၂၄ |

တစ်လေ့လုံးပုပ်ခံကြရတယ်၊ သည်လို မသမာသော ပုဂ္ဂိုလ်များကြောင့် ယခုလိုအမေး ပြဿနာမျိုး ပေါ်ကြရတယ်၊ ဒါကြောင့် ရဟန်းဘ၀ကို တွယ်တာသောပုဂ္ဂိုလ်များအတွက် ဤပြဿနာရဲ့အဖြေကို အထူးကြိုးစားပြီး ဖြေဆိုလိုက်ပါမယ်"

"မှန်ပါ -ဖြေဆိုတော်မူပါ ဘုရား"

"ဒုတိယပါရာဇိက အင်္ဂါ ငါးပါးနှင့် ချိန်ထိုးကြည့်လိုက်တော့ မသမာသောနည်းဖြင့် စာမေးပွဲဖြေဆိုသူဟာ တစ်စုံတစ်ခုသောပစ္စည်းကို ခိုးယူခြင်းမဟုတ်တဲ့အတွက် အင်္ဂါ ငါးချက်လုံး တစ်ချက်မှမထိဘူး၊ အင်္ဂါငါးချက်နှင့်မငြိတဲ့အတွက် ခိုင်းခြင်းမဖြစ်သင့်ဘူးလို့ ဆိုကြလိမ့်မယ်၊ အမှန်ကတော့ ခိုးခြင်း ၂၅-ပါးအနက် မသမာသောနည်းဖြင့် စာမေးပွဲ ခိုးဖြေခြင်းဟာ (ထေယျာ၀ဟာရ)ခိုးခြင်းအတွင်းမှာ ပါ၀င်သကွယ့်"

"ထေယျာ၀ဟာရ ခိုးခြင်းဆိုတာ ဘယ်လိုခိုးနည်းလဲဘုရာ့"

"ထေယျာ၀ဟာရ ခိုးခြင်းဆိုတာ ဓားပြတိုက်သလို အတင်း၀င်လုခြင်းမျိုး မဟုတ်ဘဲ အခိုးခံရသူမသိအောင် တိတ်တဆိတ်ခိုးခြင်းမျိုးဖြစ်တယ်၊ သည်ခိုးနည်းက ခိုးပုံခိုးနည်း အဆင့်ဆင့် သိမ်မွေ့သွားတယ်ကွယ့်"

"ဘယ်လိုအဆင့်ဆင့် သိမ်မွေ့သွားတာလဲဘုရား"

"ခိုးတယ်ဆိုတဲ့ မြန်မာစကားဟာ သူတစ်ပါး ပစ္စည်းကို တိတ်တဆိတ်ယူရာမှာလည်း (၁) ပုန်းလျှိုးကွယ်လျှိုးခိုးယူခြင်း၊ (၂) ချိန်စဉ်းလဲတောင်းစဉ်းလဲပြု၍ခိုးယူခြင်း၊ (၃) ရွှေတု ငွေတုပြု၍ ခိုးယူခြင်း၊ (၄) ဥစ္စာရှင်ကို လှည့်ပတ်လှည့်စား၍ခိုးယူခြင်းလို့ ခိုးယူပုံအဆင့်ဆင့် သိမ်မွေ့သွားတယ်။ သူတစ်ပါးပစ္စည်းကို ပုန်းလျှိုးကွယ်လျှိုး ခိုးစဉ်က ခိုးလိုသော စိတ်ကလည်း ထင်ရှားတယ်၊ ခိုးသူအဖြစ်လည်း ထင်ရှားတယ်၊ ချိန်စဉ်းလဲ တောင်းစဉ်းလဲ ကျတော့ ခိုးလိုတဲ့စိတ်ကတော့ ထင်ရှားပါရဲ့၊ ခိုးလိုသောစိတ်ကျတော့ မထင်ရှားဘူး၊ ဥစ္စာရှင်ကိုလှည့်ပတ်ကာ လှည့်စားတာမျိုးကျတော့ ခိုးလိုသောစိတ်ရော ခိုးသူ အဖြစ်ရော



# "မသမာဖြေ စာအောင်ပုဂ္ဂိုလ်များ"

## နိုင်ငံတော်ဩ၀ါဒါစရိယ၊ မြန်မာစာဩ၀ါဒါစရိယ
## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
## ထီးချိုင့်မြို့ဟည်တော်ဆရာတော်

"သည်တစ်ခါ လျှောက်ထားရမည့်စာလွှာက ကောလင်းမြို့ တောင်အင်းရပ် အလယ်ကျောင်းတိုက် ဦးပညာဇောတနှင့် ဦးအဂ္ဂဝံသတို့ထံက အမေးစာလွှာဖြစ်ပါတယ် ဘုရား"

"ဆိုစမ်းပါဦး၊ သူတို့ရဲ့ အမေးက ဘာများလဲကွယ့်"

"သူတို့ရေးထားတာက အစိုးရပထမပြန်စာမေးပွဲများ၌ မသမာသောနည်းများဖြင့် ဖြေဆိုအောင်မြင်ကြသော ရဟန်းတို့အား ငယ်-လတ်-ကြီး အတန်းအသီးသီး သင့်ရောက် နိုင်သည့် အာပတ်များကို အဆုံးအဖြတ်ပေးစေချင်ပါသတဲ့ ဘုရား"

"သည်ပြဿနာဟာ သာသနာတော်မှာ အလွန်အရုပ်ဆိုးတဲ့ ပြဿနာပဲကွယ့်"

"ဘယ်လို အရုပ်ဆိုးတာလဲဘုရား"

"ရဟန်းတော်များရဲ့ ဘ၀ဆိုတာ အလွန်ဖြူစင်သန့်ရှင်းတဲ့ ဘ၀ဖြစ်တယ်၊ သန့်ရှင်းဖြူစင်တဲ့အ၀တ်မှာ အမည်းစက်တစ်စက်ကျရုံနှင့် အ၀တ်တန်ဖိုးယုတ်သွားသလို ရဟန်းရဲ့ဘ၀မှာလည်း အပြစ်တစ်စက် ကျရောက်ရုံနှင့် ရဟန်းတန်ဖိုးယုတ်သွားတတ် တယ်။ ရဟန်းရဲ့တန်ဖိုးကို ယုတ်စေတဲ့ အပြစ်ကလည်း ကြမ်းတမ်းတဲ့ အပြစ်, နူးညံ့တဲ့ အပြစ်လို့ အပြစ်နှစ်မျိုးရှိပြန်တယ်၊ သူ့အသက်ကိုသတ်ခြင်း, မေထုန်မှီဝဲခြင်း ဆိုတာတွေက ကြမ်းတမ်းတဲ့အပြစ်တွေပဲ၊ သည်အပြစ်တွေကို ငါကျူးလွန်ပြီးပြီ၊ ငါဟာ ရဟန်းမဟုတ်တော့ ဘူးလို့ ကိုယ့်ကိုယ်ကို ကိုယ်ဆုံးဖြတ်လို့ဖြစ်တယ်၊ သူ့ဥစ္စာကိုခိုးခြင်း, မဂ်ဖိုလ်နိဗ္ဗာန်ကို

ပြောကြားခြင်းဆိုတဲ့ အပြစ်တွေက နူးညံ့သိမ်မွေ့တယ်၊ ကိုယ်အပြစ်ကိုယ်ကျူးလွန်နေတာကိုပင် ကိုယ်မသိဘဲ ဖြစ်နေတတ်တယ်၊ အလွန်သတိရဖို့ရာ ကောင်းတယ်။

ယခုအမေးအဖြေပြဿနာဟာ နူးညံ့သိမ်မွေ့တဲ့ ဒုတိယပါရာဇိကသိက္ခာပုဒ်မှာ အလွန်နူးညံ့သိမ်မွေ့လွန်းတဲ့ ပြဿနာဖြစ်ပါတယ်။ ဒါကြောင့် စာမေးပွဲခိုးဖြေခြင်းဟာ ဒုတိယပါရာဇိကအတွင်းပါသလား၊ မပါဘူးလား၊ ဒုတိယပါရာဇိက အတွင်းပါလျှင် ဘယ်လိုအသွင်နှင့် ပါတယ်ဆိုတာတွေကို စိတ်ရှည်ရှည်ထားပြီး လေ့လာသင့်တယ်ကွယ့် ရှေးဦးစွာ သတိပြုသင့်တာက ရဟန်းဖြစ်သူ ရဟန်းဘ၀က လျှောကျစေနိုင်တဲ့အာပတ်ဟာ လေးမျိုးရှိတယ်၊ ပါရာဇိကလေးပါးလို့ ခေါ်တာပေါ့၊ အဲ့သည်လေးပါးက

(၁) မေထုန်မှီဝဲခြင်း၊

(၂) သူ့ပစ္စည်းကိုခိုးယူခြင်း၊

(၃) သူ့အသက်ကိုသတ်ခြင်း၊

(၄) မိမိ၌မရှိသော မဂ်ဖိုလ်နိဗ္ဗာန်ကို ပြောကြားခြင်း

တို့ဖြစ်ကြတယ်၊ သည်လေးပါးအနက် ယခုစာမေးပွဲပြဿနာက ဒုတိယပါရာဇိကဆိုတဲ့ သူ့ပစ္စည်းကိုခိုးခြင်း ဖြစ်သင့်မဖြစ်သင့်ပဲပေါ့ ဟုတ်လား”

“ဟုတ်ပါတယ် ဘုရား”

“ဟုတ်တယ်ဆိုလျှင် ဒုတိယပါရာဇိကကျရောက်တဲ့ အင်္ဂါ ဘယ်နှစ်ပါးရှိသလဲကွယ့်”

“ငါးပါးရှိပါတယ် ဘုရား”

“ဆိုစမ်းပါဦး၊ အင်္ဂါငါးပါးက ဘာတွေတဲ့တုန်း”

၁။ လူဇာတ်ရှိ သူ၏ဥစ္စာဖြစ်ခြင်း၊

၂။ သူတစ်ပါးဥစ္စာဟုသိခြင်း၊

၃။ ပါရာဇိကကျလောက်သော ဥစ္စာဖြစ်ခြင်း၊



၄။ ခိုးလိုသောစိတ်ရှိခြင်း၊

၅။ ခိုးခြင်း-ပေါင်း အင်္ဂါ ငါးပါးဖြစ်ပါတယ် ဘုရား

“အဲသည် အင်္ဂါငါးပါးကို တည်ထားကွယ့်၊ စာမေးပွဲဖြေသူဟာ သည်အင်္ဂါငါးပါးနှင့် ကိုက်မကိုက် ချိန်ထိုးစမ်း၊ စာမေးပွဲဖြေဆိုတဲ့ပုဂ္ဂိုလ်ဟာ ဘာဖြစ်လို့ စာမေးပွဲဖြေတာတုန်း၊ စာတတ်ချင်လို့ ဖြေဆိုတာဖြစ်တယ်၊ စာတတ်ချင်တယ်ဆိုတာ ပရိယတ္တိသာသနာတော်ကို ထမ်းဆောင်ချင်တာဖြစ်တယ်၊ ဘယ်လောက်မွန်မြတ်သလဲ၊ သို့သော် ‘ကိုးကွယ်ရာမှ ဘေးဖြစ်’ ဆိုတဲ့စကားလို မွန်မြတ်တဲ့ အလုပ်လုပ်ရာမှာ မမွန်မြတ်တဲ့စိတ်ထားကြောင့် ကတိမ်းကပါး ဖြစ်သွားတတ်တယ်”

ဥပမာပေးကြစို့ဆိုလျှင် တောင်တက်သမား ဥပမာပေါ့၊ ဧဝရတ်တောင် ထိပ်တက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ခြေတစ်လှမ်းချတာကစပြီး သတိထားပြီး ချကြရတယ်၊ ခြေတစ်လှမ်းအချမှားလျှင် အသူတစ်ရာနက်နဲတဲ့ ချောက်ထဲကျပြီး အသက်ဆုံးကြရတယ်၊ ရဟန်းတော်များလည်း ဧဝရတ်တောင်နဲ့တူတဲ့ ပရိယတ္တိ, ပဋိပတ္တိ, အဓိဂမဆိုတဲ့ တောင်ထွတ်ကြီးကို တက်နေကြတာနော်၊ ခြေတစ်လှမ်းအချော်မခံဘူး၊ ခြေတစ်လှမ်းချော်သည်နှင့် တစ်ပြိုင်နက် ပါရာဇိကချောက်တွင်း ကျသွားတတ်တယ်၊ ဒါကြောင့် စာမေးပွဲဖြေဆိုကြတာဟာ အလွန်မွန်မြတ်ပါတယ်၊ အလွန်မွန်မြတ်လွန်းလို့ နိုင်ငံတော်အစိုးရမင်းနှင့်တကွ နိုင်ငံတော်သူ နိုင်ငံသားအားလုံးတို့က အားပေးချီးမြှောက်နေကြပါတယ်၊ အားပေးချီးမြှောက်တဲ့အတိုင်း စင်စင်ကြယ်ကြယ်နှင့် အောင်မြင်သွားကြတဲ့ ပုဂ္ဂိုလ်များအတွက်လည်း အလွန်ဝမ်းမြောက်ကြပါတယ်။

သို့သော်လည်း ‘ဆွမ်းဆန်တွင်း ကြွက်ချေးရော’ဆိုသလို တကယ်စင်ကြယ်သော ပုဂ္ဂိုလ်များအကြားမှာ မသမာသောနည်းဖြင့် စာမေးပွဲဖြေဆိုကြတဲ့ မစင်ကြယ်သူများအတွက် စင်ကြယ်သောသူများပါ မျက်နှာပျက်ကြရတယ်၊ ငါးခုံးမတစ်ကောင်ကြောင့်

“‘မာသကေ ဝါ ဦနမာသကေ ဝါ ဒုက္ကဋံ’ လို့ဆိုတဲ့အတိုင်း ရွှေစင်တစ်ပဲ၊ တစ်ပဲအောက် ယုတ်သောဆုဖြစ်ခဲ့သော် ဒုက္ကဋ်အာပတ်လို့ ဆုံးဖြတ်ချက် ချရလိမ့်မယ်ကွယ့်”

“သည်လိုဆို စာမေးပွဲခိုးဖြေခြင်းဟာ တော်တော်ကြောက်စရာ ကောင်းပါလားဘုရာ့”

“ကြောက်စရာကောင်းတာတော့ ပြောစရာမရှိတော့ပါဘူး၊ ဘာမျှပြောလောက်တဲ့ ဆုလာဘ်ကလေးအတွက်နှင့် အလွန်မွန်မြတ်တဲ့ သာသနာတော်က ဆုံးရှုံးရတာပဲ၊ ရဟန်းငယ်များအလွန်သတိထားစရာကောင်းတယ်၊ ပါရာဇိကကျတယ်၊ ပါရာဇိကကျတယ် ဆိုတာ ရဟန်းဘဝနှင့်နေသမျှ အပြစ်ဖြစ်နေတာပဲ၊ ကံထပ်လို့လဲ ရဟန်းပြန်မဖြစ်ဘူး၊ လူဝတ်ချွတ်ပြီး သိမ်ပြန်တက်လို့လည်း ရဟန်းပြန်မဖြစ်တော့ဘူး၊ သာသနာတော်က အပြီး အပြတ် နှင်ထုတ်ခံရခြင်းမျိုးဖြစ်တယ်၊ ဒါကြောင့်စာမေးပွဲဖြေဆိုခါနီးမှာစာမေးပွဲအောင်ခြင်း မအောင်ခြင်းဟာ ပဓာနမဟုတ်ဘူး၊ မိမိတတ်သိလိမ္မာခြင်းက ပဓာန၊ ငါဟာကြိုးစား သလောက် ကြိုးစားထားပြီးပြီ၊ သိသင့်သလောက် သိထားပြီ၊ စာမေးပွဲအောင်ချင်အောင် မအောင်ချင်နေ၊ ငါ့ရဲ့စွမ်းရည် သန့်သန့်ဖြင့် ငါဖြေဆိုမယ်၊ ငါ့ရဲ့ဘဝမှာ အငြိအစွန်းအထိ မခံဘူးလို့ သတိကြီးကြီးထားပြီး ဖြေဆိုကြဖို့ တိုက်တွန်းလိုက်ပါတယ်ကွယ်”

“မှန်ပါ - သာဓုပါဘုရား၊ သာဓု - သာဓု”

မှတ်ချက်။ ။ ၁၉၅၉-ခု၊ ဩဂုတ်လ ၂၈ရက်နေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါဠိသက္ကသိုလ် ဗဟိုအဖွဲ့မှ ထုတ်ပြန်သော ‘ကုဋ္ဌမ္ဗာဝဟာရ ဝိနိစ္ဆယစာတမ်း’ ကိုလည်း ဖတ်ရှုလေ့လာစေလိုပါကြောင်း၊ ‘စာမေးပွဲမသမာဖြေစာရင်း’ ကိုလည်း သာသနာရေး ဦးစီးဌာနမှ နှစ်စဉ် ထုတ်ပြန်လျက်ရှိပါသည်။

□ □ □ □ □



မထင်ရှားဘူးကွယ့်”

“မှန်ပါ-ဥစ္စာရှင်ကို လှည့်ပတ်တာနှင့် လှည့်စားတာဟာ တူပါသလားဘုရာ့”

“အေး-သူက စကားပြောစရာကျယ်တယ်၊ ဒါကြောင့် တူတယ်လို့လည်းဆိုချင် ဆိုနိုင်တယ်၊ မတူဘူးလို့လည်း ဆိုချင်ဆိုနိုင်တယ်”

“တူပုံတူနည်း မတူပုံမတူနည်းကို အမိန့်ရှိပါဦး ဘုရား”

“လှည့်ပတ်တယ်ဆိုတာ ဥစ္စာရှင်ရဲ့ ပစ္စည်းငှားပြီး ပြန်မပေးခြင်းမျိုး၊ ပြန်ပင် ပေးသော်လည်း အတုပေးခြင်းမျိုး၊ အဖိုးတန်သော ဒါယကာပစ္စည်းနှင့် အဖိုးမတန်သော မိမိပစ္စည်း လှည့်ပတ်၍ လဲလှယ်ခြင်းမျိုး၊ တရားဥပဒေပုဒ်မအရ(၄၀၆)အတွင်း သက်ဝင်သောအမှုမျိုးတို့ကို လှည့်ပတ်ခြင်းလို့ဆိုနိုင်တယ်၊ လှည့်စားခြင်းဆိုတာက ဒါယကာကိုလှည့်ပြီး သူ့ပစ္စည်းကိုစားခြင်းလို့ ဆိုလိုတယ်၊ လှည့်တယ်ဆိုတာ ဉာဏ်အမြင် ဖောက်ပြန်သွားအောင် လုပ်ခြင်းမျိုးပေါ့”

ဥပမာဆိုကြပါစို့-ရှေးက ပုဏ္ဏားတစ်ယောက် ဆိတ်သေကောင်တစ်ကောင် ဈေးကဝယ်ပြီးထမ်းလာသတဲ့၊ လူနောက်သုံးယောက်က မြင်တော့ ပုဏ္ဏားကိုလှည့်ပြီး ဆိတ်သားစားရအောင် တိုင်ပင်ကြကာ သုံးဌာနကစောင့်ကြသတဲ့။

ပထမဌာနရောက်တော့ လူနောက်က ‘ဘယ့်နှယ်ပုဏ္ဏားကြီး ခွေးသေကို ဘာလုပ်ဖို့ ထမ်းခဲ့တာတုန်း”လို့ မေးသတဲ့၊ ပုဏ္ဏားက ‘ခွေးမဟုတ်ပါဘူး၊ ဆိတ်ပါ’လို့ ပြောတော့ ‘ဆိတ်မဟုတ်ပါ၊ ခွေးပါ၊ သေသေချာချာကြည့်ပါဦး’ လို့ပြောသတဲ့၊ ပုဏ္ဏားလည်း ဟုတ်များ ဟုတ်သလားလို့ ပခုံးပေါ်ကဆိတ်သေကို ချကြည့်ပြီး ‘ခွေးမဟုတ်ပါဘူး၊ ဆိတ်ပါပဲ’ဆိုကာ ထမ်းသွားတယ်။

ဒုတိယလူနောက်ထံနောက်တော့ လူနောက်က ‘ခွေးသေကြီးထမ်းပြီး ဘယ်သွားမလို့ တုန်း’လို့ မေးပြန်သတဲ့၊ နှစ်ကြိမ်တိုင် အမေးခံရသော ပုဏ္ဏားစိတ်မှာ ခွေးဆိုတာ ဟုတ်များ

ဟုတ်နေရော့သလားလို့ သံသယဖြစ်သွားသတဲ့။

တတိယလူနောက်ထံရောက်တော့ လူနောက်က 'ပုဏ္ဏားကြီး ခွေးသေပစ်မလို့လား၊ ဘယ်နှယ့်ခွေးသေကြီးထမ်းခဲ့ရတယ်လို့ ကြိုးနဲ့ဆွဲခဲ့ပါတော့၊ ခင်ဗျားဟာရွံ့ဆရာကြီး'လို့ ပြောပြန်တယ်၊ သည်အခါကျတော့ ပုဏ္ဏားကြီးရဲ့ စိတ်မှာ 'ငါထမ်းခဲ့တဲ့အကောင်ဟာ ငါသာ ဆိတ်သေထင်နေတာ၊ အများက ခွေးသေလို့ပြောကြတာထောက်လျှင် ဧကန်ခွေး သေကောင်ဖြစ်ရမယ်'လို့ ဆိတ်သေကို ပစ်ချပြီးသွားသတဲ့၊ သည်အခါမှာ လူနောက် သုံးယောက်ဟာ ဆိတ်သေကိုကောက်ယူပြီး ဟင်းချက်စားကြသတဲ့။

ယခုပြောခဲ့တာကလှည့်စားပုံတစ်မျိုးပေါ့လေ၊ လှည့်စားပုံတစ်မျိုးက တောသားတစ် ယောက်ဟာ မြို့ဈေးကိုလာပြီး နွားသားအမိကို ရောင်းသတဲ့၊ ရောင်းဈေးက နွားငယ်ကို ဝယ်ချင်လျှင် ၁ဝိ၊ အမိကိုဝယ်လျှင် ၂ဝိ-ကြေညာထားတယ်၊ မြို့သားလူလည်က နွားရောင်းသူထံ နွားငယ်ကို ငွေ ၁ဝိ-နှင့်ဝယ်တယ်၊ ခဏကြာတော့ နွားငယ်ကိုပြန်ယူလာပြီး 'ကျွန်တော်နွားမကြီးကို ယူပါ့မယ်၊ နွားငယ်ကို မယူချင်တော့ဘူး၊ ခင်ဗျားထံကျွန်တော် ငွေ ၁ဝိ-ပေးပြီးပြီ၊ သည်နွားငယ်က ၁ဝိ-တန်ဖြစ်တယ်၊ သည်နွားငယ်နှင့် ငွေ ၁ဝိ-ထေပြီး နွားမကြီးကို ပေးပါ' ပြောပြီး နွားမကြီးကို ဆွဲသွားသတဲ့။

သည်ဥပမာများက လှည့်စားခြင်းရဲ့ ဥပမာများဖြစ်တယ်ကွယ့်၊ သည်လိုလှည့်စားပြီး ခိုးခြင်းကျတော့ အလွန်သိမ်မွေ့သွားပြီး သိမ်မွေ့သည်ပင်ဖြစ်စေ၊ အသိမ်မွေ့သည်ပင် ဖြစ်စေ သည်လိုခိုးခြင်းမျိုးဟာ 'ထေယျာဝဟာရ'ခိုးခြင်း မျိုးပဲ။

ယခုစာမေးပွဲဖြေဆိုရာမှာ အောင်ဆုအဆင့်အသီးသီးအတွက် ကြေညာထားပြီး ဖြစ်တယ်၊ ပထမအဆင့်အောင်မြင်လျှင် မည်မျှ၊ ဒုတိယ, တတိယအဆင့် စသည် အောင်လျှင် မည်မျှလိုပေါ့၊ စာမေးပွဲဖြေဆိုသူဟာ မိမိဖြေဆိုသော အဆင့်အလျောက် အောင်မြင်ခဲ့လျှင် သည်အောင်ဆုများကို ရမည်ဟု သိထားပြီးဖြစ်တယ်၊ သည်အောင်ဆု



များဟာ အလကားပေးခြင်းမဟုတ်ဘူး၊ သံသရာရိက္ခာအတွက် ဒါနပြုခြင်းမဟုတ်ဘူး၊ ကြိုးစားသူအတွက် ထိုက်တန်သောဆုများ ဖြစ်တယ်လို့လည်း သိပြီးဖြစ်တယ်။

သည်ဆုများဟာ ထိုက်တန်သူသာ ရခွင့်ရှိတယ်၊ မထိုက်တန်သူရခွင့်မရှိဘူး၊ ဆုနှင့် ထိုက်တန်သောသူဖြစ်အောင် မိမိတို့ဟာကြိုးစားကြရမယ်၊ ကြိုးစားလို့အောင်မြင်လျှင် ထိုက်တန်သူသောဆုကိုရမယ်၊ ဆုကိုတော့ရချင်တယ်၊ ထိုက်တန်အောင်တော့ မကြိုးစား ချင်ဘူး၊ သည်တော့ ဘာလုပ်သလဲ၊ သူများအောင်သလို အောင်အောင်၊ သူများဖြေပြီးသား အဖြေကိုခိုးချတယ်၊ သို့မဟုတ် စောစောက မေးခွန်းရအောင်လုပ်ပြီး စာအုပ်ထဲက ခိုးချတယ်၊ ခိုးချတဲ့အတွက် အောင်သွားပြီ၊ အောင်တဲ့အတွက် ဆုလာဘ်တွေရသွားပြီ။

ကဲ-စာမေးပွဲခိုးဖြေသူကို ဒုတိယပါရာဇိကသိက္ခာပုဒ် အင်္ဂါ ငါးချက်နှင့် တိုက်ကြည့် ကြဦးစို့။

၁။ သူရလာတဲ့လာဘ်ဟာ လူရဲ့ပစ္စည်းမဟုတ်လား၊ ဟုတ်တယ်။

၂။ အဲဒီပစ္စည်းကို သူတစ်ပါးရဲ့ပစ္စည်းရယ်လို့ သူမသိဘူးလား၊ သိတယ်။

၃။ ပါရာဇိကကျလောက်သော (ရွှေတစ်မတ်သား)တန်ဖိုးရှိသလား၊ ဒါတော့ မသိသေးဘူး ဘုရား။

၄။ ခိုးလိုစိတ်ကော ရှိသလား၊ ရှိတယ်။

၅။ ခိုးကော ခိုးသလား၊ (ခိုးပြီး ဖြေတာဟုတ်ပါတယ်)

ဒုတိယ ပါရာဇိကအင်္ဂါ ငါးချက်နှင့် ညှိလိုက်တော့ ၃-နံပါတ် အင်္ဂါတစ်ချက်မျှသာ နည်းနည် ထစ်နေတယ်၊ ဒါကြောင့် စာမေးပွဲဖြေသောရဟန်းကို ဝိနိစ္ဆယ ချရမယ်ဆိုရင်-

"ပဉ္စမာသကေ ဝါ အတိရေကပဉ္စမာသကေ ဝါ ပါရာဇိကံ" ဆိုတဲ့ ကင်္ခါဝိတရဏီ အဋ္ဌကထာအရ ရွှေစင် ၅-ပဲ၊ ၅-ပဲထက်လွန်သော် ပါရာဇိကလို့ ချရတယ်။

"အတိရေကမာသကေ ဝါ ဦနပဉ္စမာသကေ ဝါ ထုလ္လစည်းအာပတ်လို့ ချရမယ်"

ထင်ရှားသော ကမ္မဋ္ဌာန်းလမ်းမကြီးကို မတွေ့မဝေဘဲ ညွှန်ပြနိုင်ပေသည်။

ထို့ကြောင့် အချို့သော ရဟန္တာပုဂ္ဂိုလ်ထက် ပါဠိအဋ္ဌကထာ ကျွမ်းကျင်သော ပရိယတ္တိသမားက အလုပ်ပေးတရားဟောပြရာ၌ သာလွန်မြင့်မြတ်၏-ဟုဆိုခြင်းဖြစ်ပါသည်။

အဋ္ဌကထာ ညွှန်ပြသည့်အတိုင်းဆိုလျှင် လောက၌ ရဟန္တာများကို ရှာဖွေရသည်မှာ မလွယ်ကူလှပေ။ အကြောင်းမှာ ရဟန္တာတို့သည် အနေအထိုင် သိပ်သည်းကျစ်လစ်သောကြောင့်ဖြစ်ပါသည်။ ရဟန္တာမထေရ်၏သပိတ်ကိုပိုက်၍ ရဟန္တာမထေရ်၏သင်္ကန်းကိုဆွဲကိုင်ပြီး ရဟန္တာမထေရ်၏ နောက်က လိုက်နေသည့် ရဟန်းသည်ပင် ကိုယ့်ဆရာကို ရဟန္တာမှန်း မသိနိုင်ပါပေ။ ဤကဲ့သို့ အသိခက်လေသောကြောင့် ရဟန္တာတွေ၊ အရိယာတွေ၊ ဈာနလာဘီတွေကို ရှာဖွေဖို့ မလွယ်ကူတော့ပေ။

အဋ္ဌကထာ ညွှန်ပြသည့်အတိုင်းသာ ရှာဖွေရပါလျှင် အစစ်နှင့်လည်းတွေ့နိုင်ပေသည်။ အတုနှင့်လည်း တွေ့နိုင်ပေသည်။ သို့သော် ခေတ်ကာလ အနေအထားအရ အတုနှင့်သာ တွေ့ဖို့များပေသည်။

ထို့ကြောင့် ရဟန္တာတွေ၊ အရိယာတွေ၊ ဈာနလာဘီတွေကို ရှာဖွေမနေဘဲ ကိုယ်ကျင့်တရားနှင့်ပြည့်စုံသော ပရိယတ္တိဝန်ဆောင် ရဟန်းတော်များထံ၌သာ နည်းခံသင့်လှပေသည်။

ပရိယတ္တိသမားထံ နည်းခံခြင်းသည် တရားထူးမရသည့်တိုင် သုဂတိဘဝသို့တော့ ရောက်နိုင်ပေသည်။ ဤကား နောက်ဆုံးအဆင့်ကို ပြောခြင်းဖြစ်ပါသည်။ ထို့ထက် အယုတ်ဆုံးကို ပြောရပါလျှင် ပရိယတ္တိသမားထံ နည်းခံက အလိမ်ခံရခြင်းမှ ကင်းလွတ်နိုင်ပေသည်။ အလိမ်မခံရသည့် အကျိုးကို ရရှိဖို့ရန်အတွက် အာမခံချက်ပေးနိုင်သည်မှာ အသေချာဆုံး ဖြစ်ပါသည်။

သို့သော် ထို့ထက်မကပါ။ နှစ်ပေါင်း(၃၀)လုံးလုံး ရဟန္တာမဖြစ်မချင်း အမြဲပိုခဲ့ရသော



# "ဘယ်လိုဆရာကို သင်ဆရာတင်မလဲ"

ကမ္မဋ္ဌာန်းတရား အားထုတ်တော့မည်ဆိုလျှင် "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော-ဟုတ်မှန်သည့်အတိုင်း သိဖို့ရန်အတွက် ဆရာရှာထိုက်သည်"ဟူသော ဒေသနာတော်အတိုင်း ဆရာရှာရပေမည်။ တရားအားထုတ်ရာ၌ ဆရာရှာဖွေခြင်းသည် အိမ်ထောင်ပြု ဘုရားတည် -စသည်ကဲ့သို့ ဘဝမှာ အရေးကြီးဆုံး အရာတစ်ခုဖြစ်ပေသည်။

မိမိဆည်းကပ်သော ဆရာက လမ်းလွဲနေပြီဆိုလျှင် အချိန်ကုန်လူပန်းဖြစ်ကာ အပါယ်ငရဲသို့ ကျဖို့ရန်သာ ရှိပေတော့သည်။ သို့ဖြစ်၍ ဆရာတင်မလွဲအောင် အဋ္ဌကထာဆရာက ဤသို့ မိန့်မှာတော်မူခဲ့ပေသည်။

"မြတ်စွာဘုရား သက်တော်ထင်ရှားရှိလျှင် မြတ်စွာဘုရားထံတော်၌ ကမ္မဋ္ဌာန်းအားထုတ်နည်းကို သင်ယူရမည်- (အလုပ်ပေးတရားနာရမည်။) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခဲ့သော် မဟာသာဝက ရှစ်ကျိပ်တို့တွင် သက်တော်ထင်ရှားရှိဆဲဖြစ်သော မဟာသာဝက တစ်ပါးပါးထံ၌ ကမ္မဋ္ဌာန်းအားထုတ်နည်းကို သင်ယူရမည်။ ထိုမဟာသာဝကတို့ ပရိနိဗ္ဗာန်ပြုခဲ့သော် မိမိအားထုတ်လိုသော ကမ္မဋ္ဌာန်းဖြင့် တရားထူးရသွားသော ဈာနလာဘီ ရဟန္တာအရှင်မြတ်ထံ၌ ကမ္မဋ္ဌာန်းအားထုတ်နည်းကို ကောင်းစွာသင်ယူရမည်။ ဥပမာ - မိမိက အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် အာနာပါနကမ္မဋ္ဌာန်းဖြင့် တရားထူးရသွားသော ရဟန္တာမထေရ်ကြီးများထံ၌ သင်ယူရမည်ဟု ဆိုလိုသည်။

အကယ်၍ ရဟန္တာပုဂ္ဂိုလ်မရှိခဲ့လျှင် အနာဂါမ်ပုဂ္ဂိုလ်ထံ၌ သင်ယူရမည်။ အနာဂါမ်ပုဂ္ဂိုလ်မရှိခဲ့လျှင် သကဒါဂါမ်ပုဂ္ဂိုလ်ထံ၌ သင်ယူရမည်။ သကဒါဂါမ်ပုဂ္ဂိုလ် မရှိခဲ့လျှင် သောတာပန်ပုဂ္ဂိုလ်ထံ၌ သင်ယူရမည်။

သောတာပန်ပုဂ္ဂိုလ်မရှိခဲ့လျှင် ဈာနလာဘီပုထုဇဉ်ထံ နည်းခံရမည်။ ထိုပုဂ္ဂိုလ်မရှိခဲ့လျှ တိပိဋကဓရပုဂ္ဂိုလ်ထံ နည်းခံရမည်။ ထိုပုဂ္ဂိုလ်မရှိခဲ့သော် ဒွိပိဋကဓရပုဂ္ဂိုလ်ထံ

နည်းခံရမည်။ ဒွိပိဋကရေပုဂ္ဂိုလ်မရှိခဲ့သော် ဧကပိဋကဓရ ပုဂ္ဂိုလ်ထံနည်းခံရမည်။

ထိုပိဋကတစ်ပုံဆောင်မှု မရှိခဲ့သော နိကာယ်တခုခုကို အဋ္ဌကထာအဖွင့်နှင့် အတူ ကျေပွန်စွာ လေ့လာထားသူလည်းဖြစ်၊ အရှက်အကြောက်ရှိသည့် လဇ္ဇီပုဂ္ဂိုလ်လည်း ဖြစ်သည့် ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်၏အထံ၌ နည်းခံလေ့လာသင်ယူရမည်။

မှန်၏။ အရှက်အကြောက်ရှိသည့် လဇ္ဇီပုဂ္ဂိုလ်သည် မိမိလေ့လာထားသော ပါဠိတော်ကို ဆောင်ထားတတ်၏။ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့၏ ဂုဏ်ကျေးဇူးနှင့် အမျိုးအနွယ်ကို အစဉ်စောင့်ရှောက်တတ်၏။ ဆရာစဉ်ဆက်တို့၏ သင်ရိုးညွှန်းတမ်းကို အမြဲထိန်းသိမ်း စောင့်ရှောက်ထားတတ်၏။ မိမိဆရာ၏ အယူအဆကိုသာ ဟောပြောပြတတ်၏။ မိမိ၏ အတ္တမနောမတိများကို မပြတတ်ပေ။

ထို့ကြောင့်သာလျှင် ရှေးမထေရ်ကြီးတို့သည် "အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊ အနာဂတေ လဇ္ဇီရက္ခိဿတိ-အနာဂတ်၌ လဇ္ဇီစောင့်ရှောက်လိမ့်မည်၊ အနာဂတ်၌ လဇ္ဇီစောင့်ရှောက်လိမ့်မည်"ဟု သုံးကြိမ်တိုင်တိုင် ကြွေးကြော်ခဲ့ခြင်းဖြစ်ပေသည်။

မဟာသာဝကတို့ မရှိတော့သော ယခုသာသနာ၌ ရဟန္တာမှစ၍ ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်များထံတွင် အဆင့်ဆင့်သင်ယူအားထုတ်နိုင်ပေသည်။

ထိုအဆင့်ဆင့်သော ပုဂ္ဂိုလ်တို့တွင် ရဟန္တာစသော ပုဂ္ဂိုလ်တို့သည် မိမိရထားသော အကျင့်လမ်းစဉ်ကိုသာလျှင် ဟောပြောပို့ချတတ်ကြပေသည်။

ဗဟုသုတနှင့်ပြည့်စုံသော ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်များသည်ကား ဆရာသမားထံ နည်းခံ၍ ပါဠိအဋ္ဌကထာတို့ကို ကျေပွန်စွာ လေ့လာသုတ်သင်ထားပြီး ဖြစ်သောကြောင့် မှားသောနည်း၊ မှန်သောနည်းကို ခွဲခြားပြနိုင်ပေသည်။ ယောဂီနှင့် သင့်တော်သော ကမ္မဋ္ဌာန်း၊ မသင့်တော်သော ကမ္မဋ္ဌာန်းကို ရွေးချယ်ပြတတ်ပေသည်။ ခြုံနွယ်ပိတ်ပေါင်း ထူထပ်သော တောအုပ်၌သွားသော ကြီးမားသော ဆင်ပြောင်ကြီးကဲ့သို့ ထင်ရှားသော



ကမ္မဋ္ဌာန်းလမ်းမကြီးကိုပြလျက် ကမ္မဋ္ဌာန်းတရားကို ဟောပြောပြတတ်ပေသည်။

(ဝိသုဒ္ဓိ၊ ၁၊ ၉၅၊ မြန်မာပြန်၊ ၁၊ ၂၆၆-၉)

ဆိုလိုသည်မှာ ရဟန္တာမှစ၍ ဈာန်ရပုဂ္ဂိုလ်တို့ထံ၌ အဆင့်ဆင့် ရွေးချယ်အားထုတ်ပါ။ ထိုပုဂ္ဂိုလ်တို့မရှိလျှင် ဗဟုသုတနှင့်ပြည့်စုံသော ပရိယတ္တိဝန်ဆောင်ရဟန်းတော်များကို ရွေးချယ်ပါ။ သို့သော် ထိုပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်သည်လည်း အရှက်အကြောက် ရှိရပါမည်။ ထိုပုဂ္ဂိုလ်ထံ နည်းခံပြီး အားထုတ်ပါဟု ဆိုလိုပေသည်။

အဋ္ဌကထာဆရာကပြဆိုသည်မှာ ရဟန္တာမှ စ၍ ဈာန်ရပုထုဇဉ် ပုဂ္ဂိုလ်တို့သည် မိမိ အားထုတ်ခဲ့သော ကမ္မဋ္ဌာန်း၊ မိမိဖြတ်သန်းခဲ့သော လမ်းကြောင်းကိုသာ ကျွမ်းကျင်စွာ ဟောပြောကြလေကုန်သည်။

ပရိယတ္တိဝန်ဆောင် ရဟန်းတော်များသည်ကား ဆရာစုံလင်စွာ လေ့လာထားပြီး ဖြစ်သောကြောင့် ရှုမှတ်ပွားနည်းစုံလင်စွာ ပို့ချနိုင်ကြပေသည်။ ထို့ကြောင့် ကမ္မဋ္ဌာန်း ပေးသည့်အရာ၊ အလုပ်ပေးတရားဟောပြသည့်အရာတို့၌ အချို့ကုန်သော ရဟန္တာတို့ထက် ဗဟုသုတနှင့်ပြည့်စုံသော ပရိယတ္တိသမားက မြတ်သည်-ဟုဆိုပေသည်။

ပုဗ္ဗေ ဝုတ္တခီဏာသဝါဒယော . . . . (ပ) . . . . ကမ္မဋ္ဌာနံ ကထေဿတိ။

(ဝိသုဒ္ဓိ၊ ၁၊ ၉၅၊ ဝိ၊ ၄၊ ၂၊ ၂၂)

ပုဗ္ဗေ ဝုတ္တခီဏာသဝါဒယောတိအာဒိ . . . (ပ). . . ဒဿနတ္ထံ အာရဒ္ဓံ။

(ဝိသုဒ္ဓိ၊ ဋီ၊ ၁၊ ၁၂၀၊ သာရတ္ထ၊ ၂၊ ၂၀၃)

မှန်ပေသည်။ ရဟန္တာစသော ပုဂ္ဂိုလ်တို့သည် မိမိရထားခဲ့ဘူးသော တရားအားထုတ် နည်းကိုသာ ဟောပြောပြသကြပေကုန်သည်။ တခြားနည်းကို မပြကြကုန်ပေ။ ပါဠိ အဋ္ဌကထာတို့၌ ဆုံးဖြတ်မှု ကျွမ်းကျင်သော ပရိယတ္တိသမားသည် ကြီးမားထင်ရှားသည့် ဆင်သွားရာ ကမ္မဋ္ဌာန်းလမ်းကြောင်းကို လက်ညိုးညွှန်ကာ ပြသကဲ့သို့ ဖြောင့်ဖြူး

ဆရာတင်မှားလျှင် တစ်သံသရာလုံး မှောက်သွားနိုင်သည်။ ထို့ကြောင့် ဆရာတင်ထိုက်သူ၊ ဆရာမတင်ထိုက်သူ။ ဆည်းကပ်ထိုက်သူ၊ မထိုက်သူကို ဓမ္မပေတံဖြင့် တိုင်းတာကြည့်စေချင်သည်။ ပရိယတ္တိရွှေချိန်ခွင့် ချိန်ကြည့်စေချင်ပါသည်။

ကိုယ်အားထုတ်သည့်တရားက ဓမ္မလား၊ အဓမ္မလား၊ အပါယ်ရောက်ကြောင်းလား၊ နိဗ္ဗာန်ရောက်ကြောင်းလားဆိုသည်ကို သေချာသိအောင် ခွဲခြားဝေဖန်ဆန်းစစ်တတ်ပါစေ။ တရားမလိုက်၊ အမှားကြိုက်၊ ဆရာမိုက်နှင့် လွဲပါစေ. . . . . .

အရှင်ဝရသာမိ

□□□□□□□□□

## " ပဋ္ဌာန်းပစ္စည်းတို့၏ စွမ်းအင်သတ္တိများ"

7 အာရုံတွေကြောင့် စိတ်တွေဖြစ်
စိတ်တွေဖြစ်တော့ အမြစ်တွယ်
အမြစ်တွယ်တော့ သံသရာလည်။

မျက်စိနဲ့ အဆင်းရူပါရုံလေးတိုက်တဲ့အခါ မြင်သိစိတ်ဖြစ်လာတယ်၊ ကောင်းတဲ့အဆင်း, လှတဲ့အဆင်း, မိမိနှစ်သက်တဲ့ အဆင်းဆိုရင် နှစ်သက်တဲ့ လောဘ, တဏှာဖြစ်လာမယ်, လောဘဟိတ်လေးတွေ့ အမြစ်တွယ်သွားတယ်, မကောင်းတဲ့ အဆင်း, မကြိုက်တဲ့အဆင်းဆိုရင် မနှစ်သက်တဲ့, မနှစ်မြို့တဲ့ ဒေါသဖြစ်လာတယ်, ဒေါသဟိတ်လေး အမြစ်တွယ်သွားတယ်, ဒီလိုနဲ့ အာရုံ (၆)ပါးနဲ့ ဆုံတိုင်း လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်စတဲ့ အကုသိုလ်ဟိတ်တွေ သံသရာတစ်လျှောက်လုံး တဖြေးဖြေးအမြစ်တွယ်လာလိုက်တာ အလွန်ခိုင်ခန့်တဲ့ အားကောင်းတဲ့ အမြစ်တွေအနေနဲ့ ရပ်တည်နေပြီ ဖြစ်တယ်



မဟာနာဂမထေရ်ကြီးသည် တောမထွက်ခင်က စာချဆရာတော်ဘဝဖြင့် ဂိုဏ်းကြီး(၁၈)ဂိုဏ်းကို အုပ်ချုပ်ခဲ့ရပေသည်။ ထိုမထေရ်ကြီးသည် ပုထုဇဉ်ပင်ဖြစ်သော်လည်း ထိုမထေရ်ကြီးထံ နည်းခံ၍ တရားကျင့်ရင်း ရဟန္တာဖြစ်သွားသူများမှာ အရေအတွက်အားဖြင့် သုံးသောင်းတောင်ရှိပေသည်။ ထို့ကြောင့် ပရိယတ္တိအခြေခံရှိသော ဆရာသမားထံ နည်းခံခြင်းက အန္တရာယ်အကင်းဆုံး၊ စိတ်အချရဆုံး၊ အပေါက်မြောက်ဆုံးဖြစ်ပါ၏။

ပရိယတ္တိအခြေခံ မရှိသူမှန်သမျှ စာပေလာ အသိဉာဏ်ကို မရရှိသောကြောင့် လိမ်ကောက်တတ်ကြပေသည်။ ပြသရာ၌လည်း နည်းမှန်လမ်းမှန် မပြနိုင်ကြပေ။ အတ္တနောမတိများကို အရဲကိုး ပြရင်း ပြရင်းဖြင့် အလွဲအကျိုးဖြစ်သွားကြသည်က များပေသည်။ ဒေသနာတော်သည် သဗ္ဗညုတအရာဖြစ်၍ စာတတ်ပေတတ် ကျမ်းဂမ်တတ် ဆရာတော်ကြီးများပင် သတိလက်လွတ်က လွဲမှားတတ်ပေသည်။ စာမတတ် ပေမတတ် အပြောခက်လှသည့် တောထွက်တောင်ပြန်တို့ဆိုလျှင်မူ ဆင်ကန်းတောတိုးသကဲ့သို့ မှားပြီးရင်း မှားရင်းသာ ဖြစ်နေပေတော့မည်။

ထို့ကြောင့် အလိမ်မခံရအောင် စာတတ်ဆရာတော်ကြီးများထံ နည်းခံထိုက်လှပါပေ၏။ ပရိယတ္တိကို ဆည်းကပ်ထိုက်ပါပေ၏။

ယောဂီတို့ ဆရာတင်မှား၍ အရှက်ကွဲခဲ့ရပေါင်းလည်းများလှချေပြီ။ ထိုသို့ ဆရာတင်မှားရခြင်းမှာ ယောဂီတို့က အသိုင်းအဝိုင်းကို ကြည့်၍ တရားရှာတတ်သောကြောင့် ဖြစ်ပေသည်။ နာမည်ကြီးလျှင်ပြီးရော ပုံစံမျိုးဖြင့် အရမ်းကာရော ဆည်းကပ်တတ်သောကြောင့် ဖြစ်ပေသည်။ ထင်ပေါ်ကျော်ကြားမှုနှင့် ဘွဲ့ထူး ဂုဏ်ထူးတို့နောက် တကောက်ကောက်လိုက်နေသောကြောင့် ဖြစ်ပေသည်။ တရားကို မကြည့်၊ လူကိုသာ ကြည့်နေသောကြောင့် ဖြစ်ပေသည်။ မူကိုမကြည့်၊ လူကိုသာ ကြည့်နေသောကြောင့် ဖြစ်ပေသည်။ အထူးအဆန်းများကို တရားဟု ထင်နေတတ်သောကြောင့် ဖြစ်ပေသည်။

ယောဂီတို့ ဆရာတင်မှား၍ တစ်သံသရာလုံး အလိမ်ခံခဲ့ရပေါင်းလည်း များခဲ့ပေပြီ။ မြတ်စွာဘုရား သာသနာတော်နှင့် တွေ့ကြုံခိုက် စာပေကပေးသော အသိဉာဏ်ဖြင့် အလိမ်မခံရအောင် ဝေဖန်သင့်လှပေသည်။

ရိုးရိုးသားသားနှင့်နည်းမှန်လမ်းမှန် ပြသနေသည့် တည်ငြိမ်နေသော ရိပ်သာကြီးများသို့ ဆည်းကပ်သင့်လှပေပြီ။ မရိုးမသားဖြင့် အထူးအဆန်းများ လုပ်နေသည့် ပေါ်ပင်ဆရာကြီးများကို ရှောင်ရှားသင့်လှပေပြီ။ အထူးသဖြင့် ထိုပေါ်ပင်ဆရာကြီးများသည် အထူးအဆန်းများဖြင့် ယောဂီတို့ကို ဆွဲဆောင်နေပြီဆိုလျှင် ပရိယတ္တိအရည်အချင်းကို ကြည့်စေချင်ပါသည်။ လိမ်နေမည်ဆိုတာ သေချာပေပြီ။

မြန်မာပြည်၌ ပေါ်ပေါက်ခဲ့ဘူးသော အထူးအဆန်းဖြစ်ရပ်များဖြင့် လိမ်လည်လှည့်စားခဲ့သူမှန်သမျှကို ကြည့်လျှင် ပရိယတ္တိ မတတ်ကျွမ်းသူများကိုသာ တွေ့ရပေသည်။ ပရိယတ္တိလောက၌ လူလိမ်မရှိပါ။ ပရိယတ္တိသမားများသည် ရိုးစင်းကြပေသည်။ ကိုယ်ကျင့်တရားပျက်ပြားသူရှိချင်ရှိမည်။ ဒကာ ဒကာမတို့ကို မြှောက်ပင့်ပေးသူ ရှိချင်ရှိမည်။ ဒကာ ဒကာမတို့ကို အပါယ်ဆွဲချသူ မရှိ ဟုယုံကြည်ပါသည်။ ထို့ကြောင့် ရဟန္တာဟု ထင်ရလေအောင်၊ အရိယာဟု ထင်ရလေအောင်၊ အကြားအမြင်ရသူဟု ထင်ရလေအောင် အဆောင်အယောင်ကြီးတွေဖြင့် လောကကို လှည့်စားသူဟူ၍ ပရိယတ္တိလောက၌ တစ်ခါမှ မကြားဘူးခဲ့ပေ။

မိတ်ဆွေ၊ သင်သည် ပရိယတ္တိ အခြေခံမရှိဘဲ ကမ္မဋ္ဌာန်းဆရာ လုပ်ချင်ပါမူ သင်ကိုယ်တိုင် ဆရာနည်းကျကျဖြင့် အရိယာဖြစ်အောင် အားထုတ်ပါ။ သို့တည်းမဟုတ် သင်ဆရာထံမှ နည်းမှန်လမ်းမှန် ရထားသည့် နည်းနာနိဿယများကိုသာ ပို့ချပါ။ သို့မဟုတ်ပါက သင်သည် မိမိအယူဝါဒ မိမိအဆိုအမိန့်ကို ကြားညှပ်၍ ဟောပြောရင်းမှ သင့်ကိုယ်သင် မဟာစောရဖြစ်မှန်းမသိ ဖြစ်နေမည်ဆိုတာကို သင်သဘောပေါက်စေချင်ပါသည်။ ကိုယ်တစ်ယောက် မှားရုံသာမက သူတစ်ပါးကိုပါ အမှားခိုင်းသောကြောင့်



ကမ္ဘာမှာ အယုတ်မာဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်မှန်းမသိ ဖြစ်နေမည်ဆိုတာကိုလည်း သင်သဘောပေါက်သင့်လှပေသည်။ ထို့အပြင် အပါယ်ငရဲကို မလွဲမသွေရောက်ရှိတော့မည့် ငရဲသားလောင်းလျာကြီး ဖြစ်မှန်းမသိ ဖြစ်နေတော့မည်ဆိုတာကိုလည်း သင်သဘောပေါက်စေချင်ပါသည်။

အကောင်းဆုံးနည်းမှာ သင့်ကိုယ်သင် ပေါက်မြောက်သည်၊ မပေါက်မြောက်သည်ကို သင်ကိုယ်တိုင် အသိဆုံးဖြစ်ရာ သင့်ကိုသင် မပေါက်မြောက်ပါဘဲ ပေါက်မြောက်လေဟန်ဖြင့် ဆရာကြီး မလုပ်သင့်ခြင်းပင် ဖြစ်ပေသည်။

သို့မဟုတ်လျှင်မူ . . . . . . . . ။

အချို့သော ရဟန္တာတို့ထက် စာပေကျမ်းဂန် တတ်ကျွမ်းသော ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်က မြတ်သည်ဟု ဆိုထားသည်ကို ထောက်ဆ၍ ပရိယတ္တိသမားများကို မပစ်ပယ်သင့်ပေ။ ပရိယတ္တိကင်းသော ပဋိပတ္တိများကို အားမထုတ်သင့်ပေ။ ထို့ကြောင့် ပရိယတ္တိ၊ ပဋိပတ္တိ စွယ်စုံရသော တရားပြဆရာတော်ကြီးများအထံ၌ နည်းခံပါ-ဟု ထပ်မံ မှာလိုက်ပါရစေ။

စာဖတ်သူအပေါင်း သူတော်ကောင်းတို့ ဘယ်လိုဆရာကို သင်ဆရာတင်မလဲ . . . . ဆရာတင်နည်းလေး ပေးလိုက်ပါမည်။

(၁) ပရိယတ္တိ အခြေခံရှိခြင်း။

(၂) ကိုယ်ကျင့်သီလဖြူစင်မှု ရှိခြင်း။

(၃) စိတ်နေစိတ်ထား မြင့်မားခြင်း။

ဤအင်္ဂါ(၃)ရပ်နှင့်ပြည့်စုံသူကို ဆရာတင်ကြစေချင်ပါသည်။ ထိုပုဂ္ဂိုလ်မျိုးကို ဆရာတင်က စာဖတ်သူ ယောဂီတို့ လိုအပ်သည့် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာမှန်သမျှ ခံစားရမည့်အပြင် စာဖတ်သူယောဂီတို့ အတောင့်တဆုံးဖြစ်သော အမြိုက်နိဗ္ဗာန်ကိုလည်း ဧကန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ပေလိမ့်မည်။

ဘယ်တော့မှ မပြင်တော့ဘူး။ မှန်တဲ့အတိုင်းပြောရရင် အရင်ကလည်း ဒီလိုဆုံးဖြတ်ချက်ရှိတာပါပဲ။ ဒါပေမဲ့ တခါတလေ ရင်ထဲကသိပ်မရှိပေမဲ့လည်း၊ နှုတ်ကအရမ်းပင်ပန်းတော့ ညည်းမိတယ်။ အခုညည်းတဲ့အလုပ်တောင် မလုပ်တော့ဘူး။ လုပ်သင့်တာမဟုတ်ဘူး၊ လုပ်ကိုလုပ်ရမဲ့ အလုပ်ဖြစ်တယ်လို့ ဆုံးဖြတ်ချက်ချနိုင်သွားပြီ။

ဒါကြောင့် မြတ်စွာဘုရားရှင်က ရှင်အာနန္ဒာကိုဟောခဲ့တာ ။ သတ္တဝါတွေအကြောင်းအကျိုးလျော်စွာမသိနိုင်လို့၊ ထိုးထွင်း၍မသိနိုင်လို့ ရက်ကန်းချည်ထွေးလို၊ စာပေါင်းသိုက်လို၊ ဖြူဆံမြက် ပြိန်းမြက်လိုချမ်းသာကင်းသော၊ မကောင်းသောလားရာ၊ ပျက်စီးကျရောက်ရာဖြစ်သော သံသရာကို မလွန်မြောက်နိုင်တာလို့ ဟောခဲ့တာ ပြန်ကြားယောင်လာမိတယ်။ ပြန်ဆင်ခြင်လိုက်ရင် နားနားမှာ ကပ်ပြီးဟောနေသလို၊ ဆုံးမနေသလိုပါပဲ။

ပါမောက္ခချုပ်ဆရာတော်ဘုရားနဲ့ တွေ့စဉ်တုံးက ဆရာတော်က ဒီအသိဉာဏ်တွေအကျိုးပေးမယ်ဆိုတာ ယုံလားတဲ့။ ယုံပါတယ်ဘုရား လို့ဖြေလိုက်တော့ ဒီဘဝ အသိဉာဏ်တိုးပွားအောင်ပြုလုပ်တဲ့ အကြောင်းကံကြောင့် နောက်ဘဝမှာ အသိဉာဏ် တိုးတက်လာပြီးကိုယ်လိုချင်တဲ့ လုံးဝလွတ်မြောက်မှုကိုရမှာဖြစ်တယ်လို့ ဆုံးမပါတယ်။ ဒါတွေကိုလည်းအခုအချိန်ပိုပြီး နက်နက်ကလေး သိလာတယ်။ မြင်လာတယ်။ ဝမ်းမြောက်ဝမ်းသာစွာသင်ယူရမယ်။ သင်ပေးရမယ်။ အခြားဘာရည်ရွယ်ချက်မှမရှိဘူး။ ဒီအသိဉာဏ်တွေနဲ့လုံးဝ လွတ်မြောက်သည်အထိ သွားဘို့ ရည်ရွယ်ချက်တခုတည်းပဲ ရှိပါတယ်။

ဒီလိုအသိ၊ ဒီလိုရည်ရွယ်ချက်မျိုး ပြန်သင်ကြားပို့ချပေးမဲ့ဆရာ၊ ဆရာမတွေကိုသိစေခြင်တယ်၊ လူအမျိုးမျိုးမို့ ရည်ရွယ်ချက်အမျိုးမျိုးရှိမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ကျွန်မနားလည်သလို နားလည်စေခြင်တယ်။ သိစေခြင်လို့ပြောတာပါ။ စိတ်ထားတတ်ဘို့အရမ်းအရေးကြီးပါတယ်။ ကိုယ်ထားတဲ့အတိုင်း ကိုယ်ပြန်ရရှိမှာဖြစ်တယ်ဆိုတာ ရဲရဲကြီးပြောရဲတယ်။ ကိုယ်တွေ့သိလိုက်လို့ပါပဲ။

ဒါနဲ့ဆက်ပြီး တရားနာပါတယ်၊ ဆရာတော်ဘုရားကြီးက ဘဝဆိုတာ ကိုယ်လုပ်ခဲ့တာနဲ့



တစ်ခါ ကုသိုလ်လုပ်တယ်, လူချမ်းသာ နတ်ချမ်းသာ, လူ့စည်းစိမ် နတ်စည်းစိမ်တွေမျှော်မှန်းတောင့်တပြီး ဝဋ္ဋကုသိုလ်တွေလုပ်တယ်, တရားစာပေတွေသင်ယူကြတယ်, ဆုတံဆိပ်တွေ, ဘွဲ့ထူးဂုဏ်ထူးတွေ, ထီးဖြူတွေ မျှော်မှန်းတောင့်တပြီး သင်ယူကျက်မှတ်ဖြေဆိုကြတယ် ဒါလည်း ဝဋ္ဋကုသိုလ်တွေတဲ့, ဒီကုသိုလ်တွေကြောင့် အလောဘ, အဒေါသဆိုတဲ့ ကုသိုလ်ဟိတ် အမြစ်တွေတွယ်လာဦးမယ်, သံသရာမှာ မျောဦးမယ်, လည်ဦးမယ်

အာရမ္မဏ ပစ္စည်း, ဟေတုပစ္စည်း, ကမ္မပစ္စည်း, ဝိပါကပစ္စည်းတွေရဲ့ စွမ်းအင်တွေကိုမြင်အောင်ကြည့်ကြရမယ်

7 အာရုံတွေကြောင့် စိတ်တွေဖြစ်
စိတ်တွေဖြစ်တော့ အမြစ်ဖြတ်
အမြစ်ပြတ်တော့ သံသရာရပ်။

အာရုံတွေဆိုတာတော့ဖြင့် မြင်နေ, ကြားနေ, ထိတွေ့နေကြရမှာဘဲလေ, "ဆရိဇာ"ကပြောဘူးတယ်, ဆေးဖက်မဝင်တဲ့ သစ်ပင်ဆိုတာ မရှိ, ဆေးဖက်ဝင်အောင် အသုံးမချနိုင်တာဘဲ ရှိတယ်တဲ့

ဒီလိုဘဲ ကုသိုလ်မဖြစ်စေနိုင်တဲ့, ဝိပဿနာမဖြစ်စေနိုင်တဲ့ အာရုံဆိုတာမရှိပါ, ကုသိုလ်ဖြစ်အောင်, ဝိပဿနာဖြစ်အောင် အသုံးမချနိုင်တာဘဲ ရှိပါတယ်

ဒီတော့ ဣဋ္ဌာရုံနဲ့တွေ့လည်း လောဘမဖြစ်အောင်, အနိဋ္ဌာရုံနဲ့တွေ့လည်း ဒေါသမဖြစ်အောင် နှလုံးသွင်းဆင်ခြင်, ကျင့်ကြံရပါတယ်, ဒီအာရုံတွေအပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးနဲ့ ဆင်ခြင်သုံးသပ်နေရပါမယ်, ပွတ်ပါများရင် တဖြည်းဖြည်းပါးသွားပြီး နောက်ဆုံး ကုန်ခမ်းခြင်းသို့ ရောက်ပါလိမ့်မယ်, တစ်သံသရာလုံးတွယ်ကပ်လာခဲ့တဲ့ ကိလေသာ အညစ်အကြေးများ ပါးခြင်ရင်, ကုန်ခြင်ရင် လွယ်လွယ်နဲ့တော့မရနိုင်ပါ, ဇွဲရှိရှိနဲ့ သတိနဲ့ အမြဲဆင်ခြင်သုံးသပ် ပွာများနေရပါမယ်။ လက်သမားပဲခွပ်ရိုးလိုနေ့စဉ်အသုံးပြုနေရင် လက်ချောင်းရာတွေ မထင်ချင်ပါဘူးဆိုတောင် ထင်လာရမှာပါ,

ကြက်မကြီးက ကြက်ဥကလေးတွေ နေ့တိုင်းဝပ်ပြီး အပူငွေ့ပေးနေရင် တစ်ချိန် ဥကနေ အကုန်ပေါက်လာမှာပါ

ဒီနေရာမှာ အာရမ္မဏပစ္စည်း, ကမ္မပစ္စည်း, အာသေဝနပစ္စည်း, မဂ္ဂပစ္စည်းတွေရဲ့ စွမ်းအင်သတ္တိတွေ နားလည်သဘောပေါက်ပြီး ဆင်ခြင်အသုံးချ ကျင့်ကြံနိုင်ကြရပါမယ်, ကျင့်ကြံနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်

**ဒေါက်တာခင်မောင်ကြည်**

**(စမ္မဒီပ)**

××××××××××××××××××

## " သတိပေးစာ "

ကျွန်မ မကြာမကြာ ခုဇ္ဇုတ္တရာနဲ့ သာမာဝတီမိဖုရားဇာတ်ကြောင်းကို နာဘူးတယ်။ ဘာကြောင့် ခုဇ္ဇုတ္တရာအသိဉာဏ်ကောင်းတယ်။ ဘာကြောင့် ခါးကုန်းရတယ်၊ ဘာကြောင့် ကျွန်မလေးဖြစ်ရတယ်လို့ သိပြီးသားပါ။ သာမာဝတီမိဖုရားလည်း အရမ်းစိတ်ရင်းကောင်းတယ်။ ဒါပေမဲ့ မီးလောင်တိုက်အသွင်းခံရသလို မီးလောင်ခံရပြီး သေသွားရတယ်။ ဒီဝတ္ထုဇာတ်ကြောင်းကို ကျွန်မသိသလို တော်တော်များများလည်း သိကြတယ်။

ကံ၊ ကံ၏အကျိုးကို ယုံကြည်မှ အနိမ့်ဆုံးသမ္မာဒိဋ္ဌိဖြစ်တယ်ဆိုတာ ဗုဒ္ဓဘာသာဝင် တော်တော်များများ လက်ခံထားတယ်။ ကမ္မဿကတ သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်မှမရှိရင် မိစ္ဆာဒိဋ္ဌိ အဖြစ်နဲ့ ဆိုးဝါးတဲ့မကောင်းကျိုးကို ရရှိမှာလို့ယုံကြတယ်။ ကျွန်မလည်း ယုံတယ်။ ဟုတ်တယ် ကံ, ကံ၏အကျိုးဆိုတာ ယုံရမှာပေါ့။ မကောင်းကံကိုလုပ် မကောင်းတဲ့အကျိုး ခံရမယ်, ကောင်းကံကိုလုပ်ရင် ကောင်းကံအကျိုး ခံစားရမယ်၊ ဒီလိုလည်းနားလည်တယ်။ ဒီလိုလည်းမြင်တယ်၊ အဲ့ဒီလောက်မြင်တာကိုပဲ ကျွန်မအထင်မှာ ကမ္မဿကတ သမ္မာဒိဋ္ဌိ ရှိနေပြီ ငါ့မှာ သမ္မာဒိဋ္ဌိရှိတယ် မိစ္ဆာဒိဋ္ဌိမရှိပါဘူးလို့ ယူဆထားတာ။ အဲဒီအယူဟာ ပြီးခဲ့တဲ့ အပတ်အထိ ဒီအတိုင်း ယုံထားတယ်။



ပြီးခဲ့တဲ့ရက်က ပါမောက္ခချုပ်ဆရာတော်ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ ဘာသာရေးထူးချွန်သူ(၁၀)ဦးဆိုတဲ့ တရားခွေကို စနာပါတယ်။ ခုဇ္ဇုတ္တရာနဲ့ သာမာဝတီ မိဖုရားအကြောင်း ဟောတဲ့အလှည့်နဲ့ကြုံပါတယ်။ ဇာတ်လမ်းအကြောင်းကို သိပြီးသားပါ။ ဒါပေမဲ့ အဓိကအကြောင်းကို ကောင်းကောင်း မျက်ဝါးထင်ထင်မြင်လာရတယ်။ ပစ္စုပ္ပန် အလေ့အကျင့်ပေါ်မူတည်ပြီး အတိတ်ဘဝက စိတ်ဝင်စားမှုရှိခဲ့လို့ ကောင်းမှုရှိခဲ့လို့ အခုသူများထက်သာပြီး ထူးချွန်လို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ချီးကျူးမှုကို ခံခဲ့ရတာလို့ ဟောလိုက်တဲ့အခါ အရင်ကဖြစ်ခဲ့၊ သိခဲ့တဲ့ ကံတွေကို အပေါ်ယံပါးပါးလေး မဟုတ်တော့ဘဲ ဒီထက်နက်နက်နဲနဲပိုသိလာတယ်။ ဒီလိုအခွင့်အရေးရခြင်ရင် ထိုင်နေလို့ မရဘူး (ပစ္စုပ္ပန်ကံ ထူထောင်ရမယ်)၊ အတိတ်ကံလည်းများစွာ ထူထောင်ခဲ့ရမယ်။

မမှီသေးရင် အခုကံတွေများစွာ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါဆို တစ်ဘဝကျရင် မှီရမှာပဲ။ အကြောင်းကြောင့် အကျိုးရတာကလွဲပြီး ဘာမှမရှိပါလားလို့ နက်နက်နဲနဲမြင်ခွင့်ရလာတယ်။ ဒါနဲ့စပ်ပြီး ဘာတွေးမိသလဲဆိုရင် အခုဘဝပြီးပြည့်စုံကြတဲ့ သူတော်ကောင်းကြီးတွေကို တွေ့ရတဲ့အခါ သူတို့ပြုခဲ့တဲ့အကြောင်း ကောင်းတွေကိုပါ ပြန်မြင်ခွင့်ရတယ်။ ဒီလိုအကြောင်းကောင်းတွေဆောက်တည်ခဲ့လို့၊ ပြုလုပ်ခဲ့လို့၊ ဒီဘဝ ဒီလို အကျိုးကောင်းတွေရရှိတာ။ သူ့တစ်ပါးကြောင့်မဟုတ်ဘူး၊ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ အကြောင်းကောင်းတွေ မဖန်တီးခဲ့ရင် အကျိုးကောင်းရလာစရာကို မရှိဘူးလို့ တိတိကျကျ မြင်လာတယ်။

ကိုယ်အကျိုးကောင်းရခြင်ရင် အကြောင်းကောင်းလုပ်ရမယ်။ ကိုယ်မလုပ်ရင် ကိုယ်မရဘူး။ သူများနဲ့မဆိုင်ဘူးဆိုတာ ကောင်းကောင်းသိလာတယ်။ အရင်ကအသိနဲ့ မတူတော့ဘူး။ သေချာဆုံးဖြတ်ချက်ချတာ။ ဒါကြောင့် စာသင်တဲ့အလုပ်ကိုဘယ်တော့မှ မညည်းညူဘူး။ ဥတု၊ အစာအဟာရ၊ အခြားအကြောင်းဘာကြောင်းနဲ့ပဲတွေ့တွေ့ ငါသိ သလိုသိဘို့၊ ငါနားလည်သဘောပေါက်သလို ပေါက်ဘို့ စာချမယ်ဆိုတဲ့ ဆုံးဖြတ်ချက်

# “ အားသွားလို့လား သူငယ်ချင်း ”

**သူငယ်ချင်း**

☐ မင်းငါဆုံခိုက် ဘုရားလိုက်ဖို့
ငါတိုက်တွန်းငြား မင်းပြောကြားခဲ့
မအားသေးဘူး နောက်မှကွယ် . . .

☐ ဥပုသ်နေ့၌ ကျောင်းကိုလိုက်ဖို့
ငါတိုက်တွန်းငြား မင်းပြောကြားခဲ့
မအားသေးဘူး နောက်မှကွယ်. . .

☐ ဆိတ်ငြိမ်နေရာ အေးရိပ်သာဝယ်
အာနာပါန ရသမျှကို
သွင်းပရှုရှိုက် အတူလိုက်ဖို့
ငါတိုက်တွန်ငြား မင်းပြောကြားခဲ့
မအားသေးဘူး နောက်မှကွယ် . . .

☐ **ဟိုတစ်နေ့က**
မအားနေရင်း သူငယ်ချင်းဟာ
သေမင်းခေါ်ရာ မငြင်းသာဘဲ
လိုက်ပါသွားရ ရှာလေပြီ. . .

☐ **ကိုယ်ခေါ်စဉ်က**
ငြင်းလို့ရလည်း ခုမှမငြင်း
လိုက်သွားခြင်းကြောင့်
ရင်တွင်းစကား ဆိုမိငြားသည်
အားသွားလို့လား သူငယ်ချင်း . . .



ပတ်သက်တယ်။ ခုဇ္ဇုတ္တရာကိုပဲကြည့် သူများကိုရယ်စရာလုပ်ခဲ့လို့ အခုအရယ်ခံရတဲ့ဘဝ ရောက်ခဲ့ရတယ်၊ ဘယ်သူမပြု မိမိမှုပဲ ကိုယ်လုပ်ခဲ့တဲ့အမှုကြောင့် ဘဝများစွာ ကျွန်မ ဖြစ်ခဲ့ရတယ်။ အရိယာဆိုတာ လည်ပင်းမှာ ဆိုင်းဘုတ်စွဲထားတာမဟုတ်ဘူး၊ ကိုယ်က ပုထုဇဉ်ဆို ကိုယ်ထက်မြင့်တဲ့အရာဟူသမျှ ဘာမှကို မသိဘူး။ ကိုယ်မသိလို့ သူအရိယာ မဟုတ်ဘူးလို့မထင်နဲ့ ကိုယ်ကလည်း ပုထုဇဉ်ဆို သိနိုင်မှာမဟုတ်ဘူး။ အဝိဇ္ဇာကဘာမှ မမြင်အောင်၊ အမှန်မမြင်နိုင်အောင် ဖုံးထားတာ၊ ကောင်းတာ, မှန်တာ ဘယ်သိလိမ့်မလဲ။ ကိုယ်မသိလို့သာဖြစ်တာ၊ အရိယာမရှိတာမဟုတ်ဘူး။ ဒါ့ကြောင့် သတိရှိပါလို့ တိုက်တွန်းပါရစေ။ ကိုယ်လုပ်လိုက်တဲ့အမှု မကြီးဘူးလို့ ကိုယ်ထင်ပေမဲ့ ရလိုက်တဲ့အကျိုး မသေဘူး၊ တစ်ဘဝထဲလည်း မဟုတ်ဘူး ဘဝများစွာရင်းပြီး ဆပ်ရတာဖြစ်လို့ သတိထားပါ လို့ ထပ်ဆင့်သတိပေးလိုက်ပါတယ်။ ကြောက်တတ်ပါ။ အကြောင်းအကျိုးကို မြင်နိုင်အော ကျိုးစားပါ။ ဒါတကယ့်ကိုရင်ထဲက စေတနာပါ။ သိစေချင်လို့ပါ။

ဆက်ပြီးတော့တရားနာတယ်, သာမာဝတီမိဖုရားနဲ့အပေါင်းပါတွေ အပြင်ထွက် မရအောင် တံခါးပိတ်ပြီး မီးတိုက်ခံရတယ်။ အကုသိုလ်ကံအကျိုးပေးဘို့ အလှည့်ရောက် လာပြီဆိုတော့ မလွတ်နိုင်တော့ဘူး၊ အတိတ်ကံကြောင့် အဲဒီကံ၏အကျိုးပေးခံရတော့မယ်၊ သူတို့တစ်ဖွဲ့လုံး ပစ္စေကဗုဒ္ဓကို မီးတိုက်ခဲ့လို့ ဘဝပေါင်း(၁၀၀)မီးလောင်ပြီး သေရတယ်။ ဒီအကြိမ်မီးလောင်ခံရတော့ သာမာဝတီက တို့တတွေအကုသိုလ်အကျိုးပေးဘို့ အလှည့် ရောက်လို့ ကြုံရတာဖြစ်တယ်, မာဂဏ္ဍီအပေါ် စိတ်မဆိုးပါနဲ့, အပြစ်အမြင်ပါနဲ့လို့ ပြောတယ်။ နောက်နေ့ဆက်ပြီး မဟာဗောဓိမြိုင်ဆရာတော်ကြီး တရားနာလိုက်တော့ ဒီဝတ္ထုဇာတ်ကြောင်းကိုပဲ ဟောတာဖြစ်တယ်၊ ဒီလိုပဲ သာမာဝတီက သေခါနီးမှ သူ့နောက်ပါတွေကို ဟောတယ်လို့ကြားရတော့ ပိုပြီးလေးနက်သဘောပေါက်လာတယ်။

ဒါလေးကိုဆင်ခြင်ကြည့်ပါ, ကျွန်မတို့ ဒီလောက်မီးလောင်တိုက်အသွင်းခံရတဲ့ သေလောက်တဲ့ ဒုက္ခမဟုတ်ပေမဲ့ နဲနဲစပ်စပ်လေးခံလာရရင် ဘယ်သူ့ကြောင့်၊ ငါကတော့ ဘယ်လိုလုပ်ပေးရတယ်, သူကငါ့ကို ဘယ်လိုလုပ်တယ်နဲ့ သူများအပြစ်ကို မြင်ပြီး, လက်ညှိုးထိုးလာပြီ, သာမာဝတီမိဖုရားက သောတာပန်လေ သူ့အမြင်ကြည့်စမ်း ကိုယ့်အပြစ်ကို ကိုယ်ရှုတာမဟုတ်လား, မာဂဏ္ဍီရဲ့အပြစ်လား, ကိုယ်ကျူးလွန်မိခဲ့တဲ့ အပြစ်ရဲ့ အကျိုးလား, သူဘယ်လိုရှုသလဲ, သူတော်ကောင်းရဲ့အမြင်ဟာ လောကမှာ ဘယ်သူမပြု မိမိမှုပါပဲ, ကံ, ကံ၏အကျိုးကို အဆုံးအထိမြင်တာ အကြောင်း, အကျိုးကို လုံးဝ လက်ခံလိုက်တာပါပဲ။

ကျွန်မတို့အပေါ်ယံ ပါးစပ်ပြောနဲ့ပြောနေသမျှ စပ်စပ်လေးထိတာနဲ့ အကြောင်းတွေ ပြန်လုပ်မယ်ဆိုရင် ဒီသံသရာဘယ်ထွက်နိုင်မှာလဲ, ကောင်းတာနဲ့ကြုံရင်တော့ ငါ့ကြောင့်၊ မကောင်းတာနဲ့ကြုံပြန်တော့ သူ့ကြောင့်ဆိုရင် ကံ, ကံ၏အကျိုးကို ယုံကြည်၊လက်ခံ ဉာဏ်နဲ့မြင်ပြီလို့ ပြောလို့မရသေးဘူး။ ဒါဆို အသိဉာဏ်ကို Upgrade လုပ်ပြီး ဒီလို လက်ခံနိုင်အောင် ကျိုးစားကြရမှာပါ။ ဒါကြောင့် အကြံပေးချင်ပါတယ်-

ပါမောက္ခချုပ်ဆရာတော်ကြီးဟောသလို မှန်ကန်တဲ့အတွေးမလာဘဲ မှန်တဲ့အသိ၊ အမြင်မလာနိုင်ဘူး၊ ဝိသုဒ္ဓိမဂ်အဋ္ဌကတာမှာလဲ ဒီလိုပဲရေးထားတာပါပဲ, ဒ့ါကြောင့် မှန်တဲ့ အတွေး တွေးကြည့်ရပါမယ်။ သူကောင်းနေတာဟာ ငါလုပ်ပေးလို့မဟုတ်ဘူး, သူ့ကောင်းကြောင်းက အကျိုးပေးချိန်တန်လို့ အကျိုးရရှိတာဖြစ်တယ်, ငါနဲ့မဆိုင်ဘူး ငါအခု ကောင်းကြောင်းလုပ်ရင် ငါ့ရဲ့အဲဒီကောင်းကြောင်းက သူ့ကို အကျိုးပေးမှာမဟုတ်ဘူး ငါ့ကိုအကျိုးပေးမှာ ဒီလိုမြင်ရမှာ။

အကျိုးပေးဘို့ဆိုတာ အထောက်အပံ့တွေအများကြီးရှိရတယ် မဟုတ်လား,



အချိန်တန်မှ အကြောင်းအထောက်အပံ့တွေ အကုန်လုံးစုံပြီ, ကောင်းကျိုးချမ်းသာကို ရရှိတာဖြစ်တယ်လို့ သေချာသိရမယ်, မကောင်းကျိုးရရှိရင် သူ့ကြောင့်လို့ လက်ညှိုးထိုးစရာ မရှိဘူး, ကိုယ့်ကြောင့်သာဖြစ်တယ်။ မကောင်းကျိုးပေးဘို့ အကုသိုလ်ကံအလှည့်ကြုံလာရင် မလွဲမသွေဖြစ်လာတာပဲ, ဒါလည်းကိုယ်လုပ်ခဲ့တဲ့ မကောင်းကြောင်းကြောင့် ရရှိလာတဲ့ အကျိုးဖြစ်တယ်။ ကြည့်လေ သာမာဝတီမိဖုရားကြီး သေဘို့အခြေအနေမှာတောင် သောတာပန်အရိယာဆိုတော့ အမှန်ကို မြင်နိုင်တယ်။

ဒ့ါကြောင့် ဒီလို အမှန်မြင်သည်အထိ ကျင့်ကြံပွားများအားထုတ်နိုင်ကြပါစေ, အမှန်ကို တွေးပြီး, အမှန်ကို မြင်လာနိုင်ကြပါစေလို့ တကယ့်ကို ရင်ထဲက ထပ်တူစေတနာနဲ့ ဒီစာစဉ်လေးကို ရေးလိုက်တာဖြစ်ပါတယ်။

သူများအပြစ်ကို မမြင်ပါနဲ့, မကြည့်ပါနဲ့, ကိုယ်အပြစ်ကို ကိုယ်မြင်အောင်ကြည့်ပါ။ ကိုယ်လုပ်ခဲ့တဲ့အပြစ်ကြောင့် ရရှိတဲ့အကျိုးသာဖြစ်ပါတယ်လို့ လက်ခံဆုံးဖြတ်လိုက်တာနဲ့ ကျွန်မအထင် ငှက်ကလေးလိုပေါ့ပါးသွားပြီး လွတ်ထွက်သွားသလို ခံစားလိုက်ရတယ်။ အဲဒီလို ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကလဲ ဟောထားပါတယ်။

ဘဝသံသရာကြီးက ကျွန်မအတွက်တော့ အရမ်းရှည်လွန်းနေပြီလို့ မြင်မိပါတယ်, ဒါကြောင့် တတ်နိုင်သလောက် ကြိုးစားအားထုတ် ကြရအောင်လို့ တိုက်တွန်းလိုက်ပါတယ်

**ပါရမီဖြည့်ဘက်**
**အဘမြတ်စွာဘုရားရှင်၏နောက်ပါချစ်သမီးဖြစ်လိုသော**
**ဒေါက်တာချိုချိုမြ(ဓမ္မဒီပ)**